ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(Village Development Plan)

ဟူးမွန်ကျေးရွာအုပ်စု ၊ ဟတ်ကာကျေးရွာ

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ရက်

မာတိကာ

စကားချီး ၁

ဟူးမွန်ကျေးရွာအုပ်စု ၊ ဟတ်ကာကျေးရွာ အခြေပြမြေပုံ ၃

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၄

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွမ်းခြုံသက်ရောက်မှု ၄

(က) ရည်ရွယ်ချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှုကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးမှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများအဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၁

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်တိုင်နှင့် ဗျူဟာ ၁၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၄

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့် ဆောင်ရွက်မည့် အချိန်ကာလ ၁၆

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး အစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာ ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ ၂၉

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၂၉

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၀

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၃၄

ဇယား ၄ ကျေးရွာ၏ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ၃၅

ဇယား ၅ ဥစ္စာဓနအဆင့်ခွဲခြားခြင်းအနေအထား ၃၅

ဇယား ၆ ဝမ်းစာဖူလုံမှုအခြေအနေ ၃၆

ဇယား ၇ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ ၃၆

ဇယား ၈ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ၃၇

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၃၈

ဇယား ၁၀ လူထုအခြေပြုလှုမှုအဖွဲ့အစည်းများ ၄၀

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများ ၄၁

ဇယား ၁၂ ကျေးရွာ စိုက်ပျိုးမြေပိုင်ဆိုင်မှုအခြေအနေ ၄၂

ဇယား	၁၃	ကျေးရွာ ရေအရင်းအမြစ်များနှင့် ရေသွင်းနိုင်သည့် စိုက်ပျိုးဧရိယာ	၄၂
ဇယား	၁၄	ကျေးရွာ သီးနှံများနှင့် အထက်နှုန်းများ	၄၃
ဇယား	၁၅	ကျေးရွာ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု အခြေအနေ	၄၃
ဇယား	၁၆	ကျေးရွာ သီးနှံထုတ်လုပ်မှုကို တိုးတက်စေနိုင်မည့် အခွင့်အလမ်းများ	၄၄
ဇယား	၁၇	ကျေးရွာ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ	၄၄
ဇယား	၁၈	ကျေးရွာ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း	၄၅
ဇယား	၁၉	ကျေးရွာ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေနိုင်သည့် အခွင့်အလမ်းများ	၄၆
ဇယား	၂၀	ကျေးရွာ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု အတွက်ပြဿနာနှင့် စိန်ခေါ်မှုများ	၄၆
ဇယား	၂၁	ကျေးရွာ စိုက်ပျိုး ၊မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ	၄၇
ဇယား	၂၂	ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ ပိုမို ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများ	၄၈
ဇယား	၂၃	ကျေးရွာကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်အခြေအနေ	၄၉
ဇယား	၂၄	ကျေးရွာ ငွေကြေးလက်လှမ်းမှီမှုအခြေအနေ	၄၉
ဇယား	၂၅	ကျေးရွာ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ	၅၀
ဇယား	၂၆	ကျေးရွာ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အခြေအနေ	၅၀
ဇယား	၂၇	ကျေးရွာ စာတက်မြောက်မှု အခြေအနေ	၅၁
ဇယား	၂၈	ကျေးရွာ ကျောင်းတက်နှုန်း	၅၁

ဇယား	၂၉	ကျေးရွာ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု	၅၂
ဇယား	၃၀	ကျေးရွာ ပညာရေးအခက်အခဲနှင့် ပြဿနာများ	၅၂
ဇယား	၃၁	ကျေးရွာ ကျန်းမာရေးအထောက်အပံ့များ	၅၃
ဇယား	၃၂	ကျေးရွာ၏ သောက်သုံးရေရရှိမှုအခြေအနေ	၅၃
ဇယား	၃၃	ကျေးရွာ သန့်ရှင်းရေးအခြေအနေ	၅၄
ဇယား	၃၄	ကျေးရွာ လမ်း ၊ တံတားတည်ရှိမှု အခြေအနေ	၅၄
ဇယား	၃၅	သယ်ယူပို့ဆောင်ရေးအခြေအနေ	၅၄
ဇယား	၃၆	ကျေးရွာ သယ်ယူပို့ဆောင်ရေးယာဉ်များ	၅၅
ဇယား	၃၇	ကျေးရွာ လျှပ်စစ်မီးရရှိမှု အခြေအနေ	၅၅
ဇယား	၃၈	ကျေးရွာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ လက် လှမ်းမီမှု	၅၅
ဇယား	၃၉	ကျေးရွာ လူငယ်/ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးရေး အခြေအနေ	၅၆
ဇယား	၄၀	ကျေးရွာ ဘေးကင်းလုံခြုံမှု အခြေအနေ	၅၆
ဇယား	၄၁	ကျေးရွာ အမှုအခင်းဖြစ်ပွားမှု အခြေအနေ	၅၇
ဇယား	၄၂	ကျား/မ ရေးရာကိစ္စရပ်ဆိုင်ရာ	၅၇
ပုံစံ(၁)			**၅၈**
စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project profile)			
ဟတ်ကာကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအတွက်ကျေးရွာ			၆၀
ကော်မတီဝင် အမည်စာရင်းများ			
ကိုးကားစာရင်း			၆၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေး နှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟတ်ကာကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးစားပေး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လားရှိုး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ဟတ်ကာကျေးရွာတွင် ရွာလူထုကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ပေ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျေးရွာလူထု ကိုယ်တိုင်တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်လက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုလည်း ကောင်းမွန်စွာ နားလည်သိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်

များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ အစိုးရဌာန များ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

ဟတ်ကာကျေးရွာ

လားရှိုးမြို့

၂၀၁၈ခုနှစ် ၊ ဇန်နဝါရီလ ရက်

လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ဟတ်ကာကျေးရွာ အရင်းအမြစ်ပြမြေပုံ



၇ည်ညွန်း။ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ဟတ်ကာကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၁-၈-၂၀၁၈)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထို့ပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထို့ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်မှုမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မူပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းတို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤတို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတို့ချဲ့ ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရှမ်းပြည်နယ်သည်မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့်တရုတ်ပြည်နယ်၊ အရှေ့ဘက်တွင်လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင်ဘက်တွင် ကယားပြည်နယ်တို့ဖြင့် နယ်နမိတ်ခြင်းထိစပ်နေပါသည်။ ရှမ်းပြည်နယ်ကိုရှမ်း(အရှေ့)၊ ရှမ်း(တောင်)နှင့် ရှမ်း(မြောက်)ဟူ၍ အပိုင်းကြီး(၃)ပိုင်းဖွဲ့ထားပါသည်။ ဟတ်ကာကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်ဟူးမွန်ကျေးရွာအုပ်စုအတွင်းတည်ရှိသော အုပ်စုအဆင့် ရွာကြီးတစ်ရွာဖြစ်ပါသည်။

လားရှိုးမြို့သည် မြောက်လတ္တီကျူး(၂၂)ဒီဂရီ၊ (၃၆)မိနစ်၊ (၂၃)ဒီဂရီ(၄)မိနစ်၊ အရှေ့လောင်ဂျီကျူး(၉၇)ဒီဂရီ၊ (၃၁)မိနစ်၊ (၉၈)ဒီဂရီ၊ (၃၃)မိနစ်တွင်တည်ရှိပါသည်။ လားရှိုးမြို့၏မြောက်ဘက်တွင်သိန်းမြို့၊ အရှေ့ဘက်တွင်ကွမ်းလုံမြို့၊ တောင်ဘက်တွင်မိုင်းရယ်မြို့နှင့် အနောက်ဘက်တွင် သီပေါမြို့တို့နှင့် နယ်နမိတ်ခြင်း ထိစပ်လျှက်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက်(၂၈၀၆)ပေ ရှိပြီးဧရိယာအားဖြင့် (၁၀၄၅၃၈၀)ဧကအကျယ်အဝန်းရှိပါသည်။ အေးမြစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၃၇.၂° C)နှင့် အနိမ့်ဆုံးအပူချိန်(၁.၀° C)ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ဟတ်ကာကျေးရွာသည် လယ်ယာမြေကောင်းရှိခြင်းသည် ကျေးရွာ၏ ပင်မအရင်းအမြစ်များဖြစ်ပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ခြေစုစုပေါင်း(၂၀၂)အိမ်အခြေချနေထိုင်လျက်ရှိပါသည်။ လူဦးရေစုစုပေါင်း(၁၀၄၈)ဦး ဖြစ်ပြီး၊ ကျား(၅၀၁)ဦးနှင့်မ(၅၄၇)ဦးရှိပါသည်။ ထို့ကြောင့်တစ်အိမ်ထောင်လျှင်ပျမ်းမျှမိသားစု(၄) ဦးနေထိုင်ပါသည်။ ကျား/မကွာခြားချက်(၄၆)ဦးရှိပါသည်။ အသက်(၁၅)နှစ်မှ(၆၄)နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သူဦးရေသည် လူဦးရေစုစုပေါင်း၏(၆၉%)ဖြစ်ကာ အမျိုးသမီးဦးရေမှာ အမျိုးသား ဦးရေထက်(၄၁)ဦးပိုပါသည်။ သက်ကြီးရွယ်အိုဦးရေမှာ(၄%)သာရှိပါသည်။

(ခ) စီပွားရေးအခြေအနေ(ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်အမျှတမှု)

ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဘဝခံနေအဆင့်(၄)ဆင့်ရှိပါသည်။ ဘဝခံနေအဆင့်(၄)ဆင့်မှာ ကျေးရွာတွင်ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်၊ ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်ဟူ၍ခွဲခြားထားပါသည်။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အဆင်ပြေသော အိမ်ထောင်စုများသည် ၈က(၆)၈ကထက်ပိုမိုပိုင်ဆိုင်ကြောင်းတွေ့ရှိရပြီး၊ အလယ်အလတ် အဆင်ပြေသော အိမ်ထောင်စုများသည်(၄)၈ကခန့်ပိုင်ဆိုင်ကြသည်။ ဆင်းရဲသောအိမ်ထောင်စုများ သည်မြေ၈က(၃)၈ကခန့်သာပိုင်ဆိုင်ကြောင်းတွေ့ရှိရပြီး၊ အလွန်အဆင်မပြေသောအိမ်ထောင်စုများ မှာမြေယာပိုင်ဆိုင်မှုလုံးဝမရှိကြောင်းသိရှိရသည်။ ကျေးရွာအခြေအနေကို ရွာသူ/ရွာသားများကိုယ် တိုင်ဆန်းစစ်အကဲဖြတ်ခြင်းအရ အဆင်ပြေသော အိမ်ထောင်စုရာခိုင်နှုန်း(၁၇%)၊ အလယ်အလတ် ရှိသော အိမ်ထောင်စုရာခိုင်နှုန်း(၂၀%)၊ အဆင်မပြေသော အိမ်ထောင်စုရာခိုင်နှုန်း(၄၃%)နှင့်အလွန် အအဆင်မပြေသော အိမ်ထောင်စုရာခိုင်နှုန်း(၂၀%)အသီးသီးရှိကြောင်းသိရှိရသည်။ အဆင်ပြေ သောအိမ်ထောင်စုများသည် (၂)ထပ်တိုက်များဖြင့် နေထိုင်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည်(၁)ထပ်တိုက်(၃)ခန်းဖြင့်နေထိုင်ကြပြီး၊ အဆင်မပြေသောအိမ်ထောင်စုများမှာ (၁)ထပ်တိုက်(၂)ခန်းဖြင့် နေထိုင်ကြောင်းနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများသည် ထရံကာ၊သွပ်မိုးများဖြင့်သာ နေထိုင်ကြကြောင်းတွေ့ရှိရသည်။ အဆင်ပြေသောအိမ်ထောင်စုများ သည်ဈေးဆိုင်၊ မြေယာပိုင်ဆိုင်မှုများပိုင်ဆိုင်ကြပြီး၊ ဆင်းရဲသောအိမ်ထောင်စုများသည် လက်လုပ် လက်စားကျပန်းများဖြစ်ကြပြီး၊ အကြွေးသံသရာလည်နေသူများဖြစ်ကြောင်း ဆင်းရဲချမ်းသာအဆင့် ခွဲခြားခြင်းမှသိရှိရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏(၄၃)ရာခိုင်နှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပြီး၊ (၂၀) ရာခိုင်နှုန်းမှာအလွန်ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာရှိအမျိုးသမီးဦးဆောင် သောအိမ်ထောင်စုများသည် အတည်တကျဝင်ငွေရလုပ်ငန်းမရှိကြသဖြင့် စားဝတ်နေရေးပြေလည်မှု

မရှိကြပေ။ ထိခိုက်လွယ်သောမိသားစုများမှာ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် အဆင်းရဲဆုံးတောင်သူများဖြစ်သည်။ ၎င်းတို့သည်မြေယာပိုင်ဆိုင်မှုနှင့် စာနပ်ရိက္ခာဖူလုံမှုမရှိသော အိမ်ထောင်စုများဖြစ်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက် လားရှိုးမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ လားရှိုးမြို့နှင့်နီးသဖြင့်မြို့ပေါ်ပုဂ္ဂလိကဆေးပေးခန်းများမှလည်း ကျန်းမာရေးစောင့်ရှောက်မှုရှိပါသည်။ ဟင်းသီးဟင်းရွက်နှင့် အသားငါးများအား လုံလောက်စွာစားသုံးကြကြောင်းသိရှိရပြီး၊ ပဲနှင့်အခြားသီးနှံများအားလည်းမျှတစွာ စားသုံးကြကြောင်းသိရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင်မူကြိုကျောင်း၊မူလတန်းကျောင်းမရှိသေးပါ။ တရုတ်စာသင်ကျောင်းသာရှိပါသည်။ ပညာရေးနှင့်ပတ်သက်ပြီး စာမတတ်သူရာခိုင်နှုန်း(၄၀.၁)%၊ မူလတန်းပြီးစီးမှုရာခိုင်နှုန်း(၃၁.၅)%၊ အလယ်တန်းပြီးစီးမှုရာခိုင်နှုန်း(၂၀.၄)%၊ အထက်တန်းပြီးစီးမှုရာခိုင်နှုန်း(၆.၅၇)%နှင့် တက္ကသိုလ်ပညာပြီး:စီးမှုရာခိုင်နှုန်း(၁.၃၆)% အသီးသီးရှိကြောင်းတွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာဆက်သွယ်မှု

ကျေးရွာတွင်နေထိုင်သူအများစုမှာဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး၊ ဘာသာရေးနှင့်လူမှုရေးများတွင်ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ အမျိုးသားများသည်ဆုံးဖြတ်ချက်ချသော နေရာများတွင် ဦးဆောင်လေ့ရှိသော်လည်း အမျိုးသမီးများနှင့်ညှိနှိုင်းတိုင်ပင်မှုများရှိကြသည်။ ဘာသာရေးပွဲများ၊ အလှူအတန်းများနှင့် အခြားလူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများသည်လည်း တတ်ကြွစွာပါဝင်လုပ်ကိုင်ကြကြောင်းသိရှိရသည်။ အလှူအတန်းပြုလုပ်ခြင်းများအတွက် အမျိုးသမီးငယ်များသည် အလှူငွေကောက်ခံပေးခြင်း၊ ဘုရားဆောက်၊ လမ်းပြုပြင်မှုများတွင်လည်းတတ်နိုင်သောဘက်မှနေ၍ လုပ်အားပေးကူညီမှုများပြုလုပ်ကြကြောင်းသိရှိရသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် သာရေး/နာရေးလူမှုအဖွဲ့(၁)ဖွဲ့ရှိပြီး သာရေး/နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီ: လှုပ်ရှားဆောင်ရွက်မှုအားကောင်းပါသည်။ ရွာအတွင်းအစည်းဝေးလိုပါက ကျေးရွာဓမ္မာရုံအများပိုင်အဆောက်အဦတွင် ကျင်းပပြုလုပ်စုစည်းပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ဟတ်ကာကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကအသက်မွေးကျောင်းအဖြစ် လုပ်ကိုင်သောကျေးရွာဖြစ်သည်။ ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးပြီး (၁)ဧကအများဆုံးအထွက်နှုန်း(၁၀၀)တင်းခန့်ရှိပါသည်။ စပါးစိုက်ပျိုးဧက(၁၀၀)ခန့်ဖြစ်ပါသည်။ ကျေးရွာ၏ဒုတိယစိုက်ပျိုးရေးသီးနှံမှာကြက်သွန်ဖြူနှင့်ပဲတောင့်ရှည်ဖြစ်ပါသည်။ မုန်ညင်းဖြူ၊ ခရမ်းချဉ်သီးနှင့် ပန်းမုံလာများလည်းစိုက်ပျိုးကြပါသည်။ ဟတ်ကာကျေးရွာရှိ လူအနည်းစုသာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ မွေးမြူသောတိရိစ္ဆာန်များမှ ကြက်၊ဝက်၊ဘဲ၊နွားကျွဲတို့ကို အနည်းငယ်သာမွေးမြူကျပါသည်။

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကောက်ယူရရှိသောစာရင်းများအရ ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံနေ့စားအလုပ်များ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းလုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် စီးပွားရေးတွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလာအလားကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသူ/သားအများစုသည် အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သည် အပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဟတ်ကာကျေးရွာတွင် ဆိုးရွားခြင်းမများသော သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့ရဖူးခြင်းမရှိသော်လည်း ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်ကိုကား အပူချိန်တိုးမြင့်လာခြင်းကိုသတိပြုခံစားနေရပြီးဖြစ်ပါသည်။ ကျေးရွာသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် အခြားသဘာဝဘေးကာကွယ်ရေးအစီအမံများလည်းမရှိပါ။

(င) ဘဏ်နှင့်ငွေအကြွေးဆိုင်ရာဝန်ဆောင်မှု

စိုက်ပျိုးရေးတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူနိုင်သည်။ ထုတ်ချေးသည့်နှုန်းမှာ တစ်ဦးနှင့်တစ်ဦးမြေဧကပေါ်မူတည်၍ ကွာခြားမှုရှိပါသည်။ အတိုးနှုန်းမှာ တစ်လလျှင်(၀.၄၂)ရာခိုင်နှုန်းမှ ၁ကျပ်ခွဲနှုန်းအထိဖြစ်ပြီး (၆)လပြည့်ပါက အတိုးနှင်အရင်းတစ်ကြိမ်တည်းပေါင်းပြီးပြန်လည်ပေးဆပ်ရသည်။ ဟတ်ကာကျေးရွာအနေဖြင့် အရေးပေါ်ကိစ္စရပ်များမှလွဲလျှင် ငွေချေးယူလိုမှုမရှိပဲအရေးပေါ်လိုအပ်ပါက ဆွေမျိုးမိတ်ဆွေတို့တွင်သာ ချေးငှားကြပါသည်။ တတ်နိုင်သူများကမူလိုအပ်ပါက လားရှိုးရွှေဆိုင်၊ အပေါင်ဆိုင်တို့တွင်ရွှေပေါင်ထားပြီး ယူလေ့ရှိကာ အတိုးနှုန်းမှာ၂၀/၂၅ကျပ်ထိမြင့်မားသဖြင့် အလွန်အခက်အခဲကြုံမှသာယူပါသည်။ ထို့အပြင်မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့်အတွက် ကျေးရွာမြစိမ်းရောင်လည်ပတ်ရုံပုံငွေမှ ချေးယူမှုများရှိပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဟတ်ကာကျေးရွာတွင်စာသင်ကျောင်းမရှိသေးပါ။ ကျေးရွာမှကျောင်းသူ/သားများသည် လားရှိုးမြို့ပေါ်ရှိကျောင်းများသို့သွားရောက်တက်ရပါသည်။

ကျေးလက်ဆေးပေးခန်းမရှိပဲ လားရှိုးမြို့ဆေးရုံသို့သာ တိုက်ရိုက်သွားရောက်ကြပါသည်။ လားရှိုးမြို့နှင့်(၁/၆)မိုင်သာဝေးပြီး မိုးရာသီမှလွဲလျှင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့်ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီရယူနိုင်ပါသည်။

ကျေးရွာအတွင်းသောက်သုံးရေရရှိမှုမှာ စိမ့်စမ်းရေသွယ်တန်းခြင်း၊ အဝီစိတွင်း၊ ရေတွင်းများမှရေရှိပါသည်။ ဟူးမွန်ဆည်မှလာသောရေကို စိုက်ပျိုးရေအဖြစ်အသုံးပြုကြပါသည်။ သန့်ရှင်းရေးအနေဖြင့် ရေဆွဲအိမ်သာ(၆)လုံး၊ ယင်လုံအိမ်သာ(၁၈)လုံး၊ တွင်း/ဧလားအိမ်သာ(၁၃)လုံးနှင့် အိမ်ငှားများမှာအိမ်ရှင်၏ ယင်လုံအိမ်သာကိုပေါင်းပြီးသုံးစွဲကြပါသည်။ တစ်အိမ်ထောင်စုချင်းအလိုက် အမှိုက်စွန့်ပစ်လေ့ရှိပြီးများသောအားဖြင့် မီးရှို့သည့်အလေ့အကျင့်ရှိပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင်ရှမ်းလူမျိုးများအများစုနေထိုင်ပြီး လူငယ်များသည်လူမှုရေး၊ ဘာသာရေး လုပ်ငန်းများတွင်လူကြီးများနှင့် တွဲဘက်ကစည်းရုံးလုပ်ကိုင်လေ့ရှိပါသည်။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ဟတ်ကာရွာတွင်းလမ်းများမှာ အများအားဖြင့် မြေသားကျောက်ကြမ်းလမ်းပိုင်များဖြစ်ပြီး မိုးရာသီတွင်လမ်းချိုင့်ခွက်များ၊ ရေတင်ခြင်းအချို့ရှိသော်လည်းသာမန်အားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်လျှပ်စစ်မီးကို အိမ်ထောင်စု(၁၉၉)စုသွယ်တန်း အသုံးပြုနေကြပြီးဖြစ်ပါ သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း အတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(စျ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ရွာသူ/သားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ကိုအသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့် ရေးဆွဲ ထားခြင်းမရှိပါ။ ရွာသူ/သားများသည် ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး၊ ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

(ဈ) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်မည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ဖွံ့ဖြိုးရေးအမြင်များတိုးတက် လာစေရန်လုပ်ဆောင်ပေးနိုင်မှုနှင့် တတ်ကြွစွာပူးပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကိုဖော်ဆောင်နိုင်မည့် နည်းလမ်း သို့မဟုတ် ကျေးရွာအတွင်းလက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသောအခက်အခဲနှင့်စိန်ခေါ် ချက်များ၊နောင်လိုလားအပ်သည့်ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကိုမည်သို့မည်ပုံဖော်ဆောင် မည်စသည့်တို့သည်ပင်ဖွံ့ဖြိုးရေးဗျူဟာအတွင်းကြောင်းကျိုးဆက်စပ်ပါဝင်ရမည်ဖြစ်ပါသည်။

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့်ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အထောက်အကူ ပြုနေသည်။ ကျေးရွာတွင်လူဦးရေအားလုံး၏ ၆၉%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် ဆေးဝါးကုသလိုမှုအတွက်လည်းလားရှိုးမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေဩဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း၊ ဆက်သွယ်ရေးကိုစျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။

ဟူးမွန်ရေလှောင်တမံမှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင်ရေသွယ်မြောင်းတိုးချဲ့ဆောက်လုပ်ပြီး ရေးသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင်မိုးရာသီတွင်စိုက်ခင်းထဲတွင် ဂဏန်းကောင်အများအပြားထွက်လာတတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်းဂဏန်းကောင်နှင့်ပတ်သက်၍ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင်းသုံးနိုင်ရေး အထောက်အပံ့များရရှိရန်လိုအပ်ပါသည်။

ကျေးရွာတွင် ငွေတိုးချေးစားသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ဘဏ်များမှကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သောအိမ်ထောင်စုများ

မှစီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်း လိုအပ်ချက်များဖြည့်စွက်ရာတွင်အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာတွင်အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေသော်လည်း လားရှိုးမြို့နှင့် နီးသဖြင့်မြို့ပေါ်သို့လည်း သွားရောက်လုပ်ကိုင်နိုင်ကြပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိပညာအထိအတွေ့တို့အားနည်းပါသည်။

(၆) ပန်တိုင်နှင့်မဟာဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး:ဦး:စီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး:စီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊အသက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး: ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏မူဝါဒဆိုင်ရာအကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်များပြားလာစေရေး၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍများ၊လက်လှမ်း

မှီရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေး နှင့်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာ၊ လားရှိုးမြို့နယ်နှင့် ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန်လိုပါသည်။

ကျေးရွာလူထုအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကမှီခိုအားထားကြပြီး၊ စပါးအဓိက စိုက်ပျိုးကြသည်။ မိုးနှင့်ဆောင်းနှစ်သီးစိုက်ပျိုးကြပြီးထွက်ရှိသော သီးနှံများအားလွပ်လပ်စွာ ရောင်းဝယ်နိုင်ကြသည်။ သို့သော်သီးနှံများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ မျိုးကောင်းသန့် မရရှိနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းကျဆင်းတတ်ပြီး၊ အမြတ်ရရှိမှုလျော့နည်းနိုင်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သောစိုက်ပျိုးရေးနည်းပညာများပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေး သွင်းအားစုများအား သက်ဆိုင်ရာစိုက်ပျိုးရေးဆေးဆိုင်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့်သီးနှံအထွက် နှုန်းပိုမိုရရှိလာနိုင်စေပြီး၊ တောင်သူများအမြတ်ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ၎င်းအပြင်သက်ဆိုင်ရာ နိုင်ငံတော်အစိုးရဘက်မှ သီးနှံစျေးနှုန်းနှင့်ပတ်သက်၍ လိုအပ်သောစျေးနှုန်းအာမခံချက်များ ပေးခြင်း၊ ပြည်ပတင်ပို့ခွင့်အတွက်ပြည်ပနိုင်ငံများနှင့် အရောင်းအဝယ်စာချုပ်များပိုမိုချုပ်ဆိုခြင်း ဖြင့် နိုင်ငံခြားဝင်ငွေရရှိလာနိုင်စေပြီး တောင်သူများလည်း ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာဗဟုသုတများအနေဖြင့်လည်း ဒေသခံများသည်လက်လှမ်းမှီမှု အနည်းငယ်သာရှိကြပေသည်။ ကျန်းမာရေးဝန်ထမ်းမရှိခြင်း၊ ဝန်ဆောင်မှုများအားနည်းခြင်း များကြောင့်ဆေးကုသမှုအပိုင်းတွင် အခက်အခဲများရှိကြောင်းသိရှိရပါသည်။ ထို့ကြောင့်ကျန်းမာရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနများမှ ကျန်းမာရေးဆိုင်ရာဗဟုသုတနှင့် ဝန်ဆောင်မှုများ အားကျေးလက်နေပြည်သူများလက်လှမ်းမှီနိုင်စေရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးရွာသူ/သားများ၏ ပညာတတ်မြောက်မှုနှင့် လည်းများစွာသက်ဆိုင်ပါသည်။ ထို့ကြောင့်ပညာရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျေးရွာနေ ပြည်သူများလက်လှမ်းမှီနိုင်စေရန်ကျေးရွာတွင် မူလတန်းကျောင်းဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက် မည်ဖြစ်ပါသည်။ လူငယ်များအတွက်ဘာသာရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုတို့အပြင် ကျေးရွာ ဖွံ့ဖြိုးရေးကိစ္စများတွင် ပိုမိုပူးပေါင်းပါဝင်စေခြင်းအားဖြင့် ကျေးရွာစည်းလုံးခိုင်မာမှု အားကောင်း စေမည်ဖြစ်ပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသာ အစိုးရဌာနဆိုင်ရာများ နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမူပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း

များကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမူသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကိုနိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မူ များကိုပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက် များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးကြသည်။ တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက် ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး၊ ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မူများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကိုမှီခို အားထားမူပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူ များအတွက်သီးနှံပျက်စီးမူနှင့် ဝင်ငွေလျော့နည်းမူဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့် ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက်လိုအပ်သော ချေးငွေရရှိရန်စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း များအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ငွေချေးယူမည့်ကျေးရွာသူ/ သားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ ငွေချေးလိုသူဘက်မှ ဘဏ်သို့ အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မူပေးသောဘဏ်များနှင့်ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်း အတွက် ရင်းနှီးမြှုပ်နှံငွေပိုအားကောင်းလာမည်ဖြစ်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက်အခွင့် အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်း အချက်အလက်များလက်လှမ်းမှီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား နေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်ုပ်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည်ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

(၈) စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများ အဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များ သည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင်စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကိုအကောင်အထည်ဖော်မှု (၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါ မည်။ ထို့ကြောင့်ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ် တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု

ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရ လွယ်ကူစေသည့်ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းဆိုင်ရာနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functionl classification) ဖြင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionl classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကိုသိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

* သာမန်အသုံးစရိတ်
* ငွေလုံးငွေရင်းအသုံးစရိတ်
* စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
* လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

လားရှိုးမြို့နယ်၊ဟူးမွန်ကျေးရွာအုပ်စု၊ဟတ်ကာကျေးရွာဦးစားပေးစီမံချက်

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့်နည်းဗျူဟာလုပ်ငန်းစဉ်များ
ကျေးရွာအဆောက်အအုံ	*ရွာအဝင်လမ်းကျောက်လမ်းဆောင်ရွက်ရန်	၅၀	၁	* ရွာအဝင်လမ်းကျောက်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း
	* မြေနေရာရရှိပါကလမ်းချဲ့ထွင်ဆောင်ရွက်ရန် (ကျေးရွာကုန်ထုတ်ပစ္စည်းများသယ်ယူရန်နှင့် ကလေးများကျောင်းသွားရန်လမ်း)	၄၃	၂	* မြေနေရာရရှိပါက လမ်းချဲ့ထွင်ဆောင်ရွက် ခြင်း
	*တံတားဆောက်လုပ်ရန်	၃၂	၅	* တံတားဆောက်လုပ်ခြင်း
	*အများပိုင်စက်ရေတွင်းတူး ရန်	၃၆	၃	* အများပိုင်စက်ရေတွင်းတူးခြင်း
	*ဆည်အတွင်းရှိအမှိုက်သရိုက် များနှင့်နွန်းမြေများဆယ်ယူ ရန် (သက်ဆိုင်ရာ ဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။	၃၃	၄	* ဆည်အတွင်းရှိအမှိုက်သရိုက်များနှင့် နွန်းမြေများ ဆယ်ယူရန် (သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းဆောင် ရွက်မည်။
စိုက်ပျိုးရေး	*ပိုးနှင့်ရောဂါကျရောက်မှုသင်တန်းဖွင့်လှစ်ရန်	၁၁	၁၃	*ပိုးနှင့်ရောဂါကျရောက်မှုသင်တန်းဖွင့်လှစ်ခြင်း
	*စိုက်ပျိုးရိုးတွင်ဂဏန်းများများပြားခြင်းအန္တရာယ် ကာကွယ်ခြင်းသင်တန်းဖွင့်လှစ်ရန်	၁၈	၁၁	*စိုက်ပျိုးရိုးတွင်ဂဏန်း များများပြားခြင်း အန္တရာယ် ကာကွယ်ခြင်းသင်တန်း ဖွင့်လှစ်ခြင်း
ပညာရေး	*မူလတန်းကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်ပေးရန်	၃၀	၆	*ပညာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်၍ ကျေးရွာတွင်မူလတန်းကျောင်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း (ကျေးရွာမှမြေနေရာရှာဖွေ ထားရှိရန်)
	* စာကြည့်တိုက်တည်ဆောက်ပေးရန်	၂၇	၉	* စာကြည့်တိုက်တည်ဆောက်ခြင်း (ဓမ္မာရုံအတွင်းတည်ဆောက်မည်)
ကျန်းမာရေး	* ကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးရန်	၂၆	၁၀	* ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးရန်
	* ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ရန်	၂၈	၈	* ကျန်းမာရေးအသိပညာပေးဟောပြောပွဲသင်တန်းဖွင့်လှစ်ခြင်း

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့်နည်းဗျူဟာလုပ်ငန်းစဉ်များ
စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော လုပ်ငန်းများ	* အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရန်။(စက်ချုပ်သင်တန်း၊လက်သမား၊ ပန်းရံ၊စက်ပြင်သင်တန်း)	၃၀	၇	* စက်ချုပ်သင်တန်း၊ လက်သမား၊ ပန်းရံ၊ စက် ပြင်သင်တန်းဖွင့်လှစ်ခြင်း
	*ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးသင်တန်းများဖွင့်လှစ်ရန်	၁၂	၁၂	*သက်ဆိုင်ရာသစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး သင်တန်းများဖွင့်လှစ်ရန်

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကိုအခြေခံ၍ ရေးဆွဲထားပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်း အခြားကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

စီမံချက်အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေး အဆင့်	၂၀၁၇ - ၂၀၁၈	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂
၁	စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ရန် (ပိုးနှင့်ရောဂါကျရောက်ခြင်း)	၁၃	✔	✔	✔	✔	✔
၂	စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ရန် (စိုက်ပျိုးချိန်တွင်ဂဏန်းများများပြားခြင်း)	၁၁	✔	✔	✔	✔	✔
၃	ကျောက်လမ်းဆောင်ရွက်ခြင်း (ရွာအဝင်လမ်း)	၁	✔				
၄	စာသင်ကျောင်းများ တည်ဆောက်ပေးရန်ပညာရေးဌာန နှင့် ပူးပေါင်းဆောင်ရွက်မည်) (ကျေးရွာတွင်မူလတန်းကျောင်းဖွင့်လှစ်ခွင့် ရရှိရေးဆောင်ရွက်မည်)	၆			✔		
၅	ကျေးလက် ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးရန်(ကျန်းမာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက် မည်။ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရရှိရေးဆောင်ရွက်မည်။)	၁၀				✔	
၆	အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရန် (စက်ချုပ်သင်တန်း၊ လက်သမား၊ပန်ရံ၊ စက်ပြင်သင်တန်း)	၇			✔		

၇	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ရန်	၈	✔	✔	✔	✔	✔
၈	စာကြည့်တိုက်တည်ဆောက်ရန်	၉					✔
၉	မြေနေရာရရှိပါကလမ်းချဲ့ထွင်ဆောင်ရွက်ရန် (ကျေးရွာကုန်ထုတ်ပစ္စည်းများသယ်ယူရန်နှင့် ကလေးများကျောင်းသွားရန်လမ်း)	၂		✔			
၁၀	တံတားဆောက်လုပ်ရန်	၅		✔			
၁၁	အများပိုင်စက်ရေတွင်းတူးရန်	၃		✔			
၁၂	ဆည်အတွင်းရှိအမှိုက်သရိုက်များနှင့် နှုန်းမြေများ ဆယ်ယူရန် (သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။)	၄	✔				
၁၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးသင် တန်းများဖွင့်လှစ်ရန် (သက်ဆိုင်ရာသစ်တောဦးစီး ဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်)	၁၂		✔	✔	✔	✔

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်စီမံကိန်းတွင် ပါဝင်သောအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။ အချို့သောစီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါ သည်။

စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင်ဘတ်ဂျတ်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှငါးနှစ်တာကာလအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက်ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံကိန်းအလိုက် ဘတ်ဂျတ်ပမာဏများသည် ရည်ညွှန်းနမူနာ (Indicative) အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျတ်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းတို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျတ်ပမာဏတွင်ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ၊ လုပ်အား၊ သဲ၊ ကျောက်စသည်)

ဟတ်ကာကျေးရွာ၏ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	စွမ်းရည်မြှင့်တင်ခြင်း	ရင်းနှီးမြှပ်နှံခြင်း	စီပွားရေးရင်းနှီး	အရေးပေါ်အထောက်အပံ့
၁။	စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ရန် (ပိုးနှင့်ရောဂါကျရောက်ခြင်း)		✔	✔		
၂။	စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ရန် (စိုက်ပျိုးချိန်တွင်ဂဏန်းများများပြားခြင်း)		✔	✔		
၃။	ကျောက်လမ်းဆောင်ရွက်ခြင်း (ရွာအဝင်လမ်း)			✔		
၄။	စာသင်ကျောင်းများတည်ဆောက်ပေးရန်(ပညာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်)		✔	✔		
၅။	ကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးရန်		✔	✔		

(ကျန်းမာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။
(ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရရှိရေးဆောင်ရွက်မည်။)

၆။အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ရန်	✔	✔
၇။ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများဆောင်ရွက်ရန်	✔	✔
၈။စာကြည့်တိုက်တည်ဆောက်ရန်	✔	✔
၉။မြေနေရာရရှိပါကလမ်းချဲ့ထွင် ဆောင်ရွက်ရန် (ကျေးရွာကုန်ထုတ် ပစ္စည်းများသယ်ယူရန်နှင့်ကလေး များကျောင်းသွားရန်လမ်း)	✔	✔
၁၀။တံတားဆောက်လုပ်ရန်		✔
၁၁။အများပိုင်စက်ရေတွင်းတူးရန်		✔
၁၂။ဆည်အတွင်းရှိအမှိုက်သရိုက်များနှင့် နှုန်းမြေများဆယ်ယူရန်		✔
၁၃။ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးသင်တန်းများဖွင့်လှစ်ရန်	✔	✔

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြည့်ကြပါရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ဟတ်ကာကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန်အတွက် အဆိုပြုစီမံကိန်းများကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင်

